ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ

**ယဉ်ကျေးမှု ဝန်ကြီးဌာန**

မွန်ယဉ်ကျေးမှုဌာနစိတ်


ပြန်ဆိုတည်းဖြတ်သူ

ပါမောက္ခ-ဦးဖေမောင်တင်။

ရန်ကုန်တက္ကသိုလ်။


# မြစေတီ-မွန်ကျောက်စာ


ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ကော်ပိုရေးရှင်း

၁၉၇၂

အဘိုး—၅၀ ပြား ]

ပထမ နှိပ်ခြင်း ၁၉၃၅။
ဒုတိယ နှိပ်ခြင်း ၁၉၆၅။
တတိယ နှိပ်ခြင်း ၁၉၇၂။

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ

**ယဉ်ကျေးမှု ဝန်ကြီးဌာန**

မွန်ယဉ်ကျေးမှုဌာနစိတ်

မှ

ပုံနှိပ်ဖြန့်ချိသည်။

ပြန်ဆိုတည်းဖြတ်သူ

ပါမောက္ခ-ဦးဖေမောင်တင်။

ရန်ကုန်တက္ကသိုလ်။

# မြစေတီ-မွန်ကျောက်စာ

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ကော်ပိုရေးရှင်း

၁၉၇၂

# စကားဦး။

မွန်ယဉ်ကျေးမှု၊ မွန်ရေးဟောင်း စာပေကျောက်စာများကို ဖော်ထုတ်ရန်အလို့ငှာ မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနသည်မွန်ယဉ်ကျေးမှုဌာနစိတ်ကို ဖွင့်လှစ်ထားပြီး၊ သုတေသနနည်းဖြင့် မွန်ယဉ်ကျေးမှု များကို စတင် ဖော်ထုတ် ပြုစု လျက်ရှိရာ၊ မွန်မြန်မာယဉ်ကျေးမှု ပြန်လည်ထုတ်ဖော် ဖြစ်ထွန်းစေရေး အကြံပေး အဖွဲ့၏ အကြံပေးချက် အရ၊ အဖွဲ့ဝင် တဦး ဖြစ်သူ ပါမောက္ခ ဦးဖေမောင်တင် အား မြစေတီမွန်ကျောက်စာကို မူရင်း မွန်ကျောက်စာနှင့်တကွ မြန်မာဘာသာ အဓိပ္ပါယ်တို့ ဖြင့် ရေးသားပေးရန် မေတ္တာ ရပ်ခံခဲ့သဖြင့် ဦးဖေမောင်တင်ကလည်း စေတနာရှိစွာဖြင့် အားထုတ်၍ရေးသားပေးသည်ကို အထူးကျေးဇူးတင်ရှိကြောင်း၊ မွန်မြန်မာ ယဉ်ကျေးမှု အကြံပေးအဖွဲ့က မှတ်တမ်းတင်ခဲ့ပါသည်။

ဤမြစေတီကျောက်စာကို လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် လန်ဒန် တက္ကသိုလ်မှ ဒေါက်တာဘလက်ဒင်က အင်္ဂလိပ်အက္ခရာနှင့်အင်္ဂလိပ်ဘာသာ အဓိပ္ပါယ်တို့ဖြင့် ရေးသား၍ နိုင်ငံတော် ကမ္ဗည်း ကျောက်စာဌာနက ၁၉၁၉ ခုနှစ်တွင် ဖြန့်ချိခဲ့ပါသည်။ ယင်းစာအုပ်ကို ယခုအခါ ဝယ်ယူရန် လက်ကျန် မရှိသည်တကြောင်း၊ ဤကျောက်စာကို သင်ကြား လေ့လာလိုသူ မွန်မြန်မာသုတေသီများ လွယ်ကူစွာ သိရှိနားလည်နိုင်စေရန် ရည်သန်၍ မွန် ယဉ်ကျေးမှု ရေးဟောင်းစာပေကျောက်စာများကို ဖော်ထုတ်ရန်ဟူသော မွန်ယဉ်ကျေး မှုဌာန၏ လုပ်ငန်းစဉ် တရပ် အနေဖြင့် ဤ ကျောက်စာကို ဖြန့်ချိ ထုတ် ဝေရခြင်း ဖြစ်ပါ ကြောင်း။


(ပုံ) နိုင်ပန်းလှ

မွန် ယဉ် ကျေးမှု အ ထက် တန်း အ ရာ ရှိ။

# မြစေတီ-မွန်ကျောက်စာ။

မြစေတီကျောက်စာဟုခေါ်သော်လည်း၊ စင်စစ်အားဖြင့် အနီးရှိ မြင်းကပါ–ကူ ပြောက်ကြီးနှင့်ဆိုင်သောပါဠိ၊ မွန်၊ ပျူ၊ မြန်မာ-{၄} ဘာသာရေး ကျောက်စာတိုင်{၂} ခုရှိ၏။ {က} ဟု ခေါ်သော ပဌမ ကျောက်စာတိုင်ကို ယခုပုဂံ ပြတိုက်သို့ ရွှေ့ပြောင်း ထား၏။ {ခ}ဟုခေါ်သော ဒုတိယကျောက်စာတိုင်ကိုယခုပုဂံမြင်းကပါ-မြစေတီဘုရား ကုန်းပြင်၌ စိုက်ထားသည်။ {ခ} ကျောက်စာသည်{က}ကျောက်စာ၏မိတ္တူဖြစ်သည်။

{က} ကျောက်စာတိုင်၏ မွန်မျက်နှာမှာ စာကြောင်း {၃၃}ရှိ၏။ စာကြောင်းအလျားကား ၁-ပေ ၁½ လက်မရှိ၏။ ပဌမစာကြောင်းအက္ခရာထိပ်မှ အဆုံးစာကြောင်း အောက်အက္ခရာထိ ၂-ပေ ၇½ လက်မရှိ၏။ {ခ} ကျောက်စာတိုင်၏ မွန်မျက်နှာမှာ စာကြောင်း {၄၆} ရှိ၏။ စာကြောင်းအလျားကား ၈½-၁၁ လက်မရှိ၏။ ပဌမစာကြောင်း အက္ခရာထိပ်မှအဆုံးစာကြောင်း အောက်အက္ခရာထိ ၅–ပေ ၁–လက်မရှိ၏။ {က}မျက်နှာသည်စာကြောင်းသိပ်၍၊ {ခ} မျက်နှာမှာစာကြောင်း ကျဲကြောင်းထင်ရှား၏။{ က }မျက်နှာ၏စာနှစ်ကြောင်းအကြားသည် ½ လက်မရှိ၏။ {ခ} မျက်နှာ၏စာနှစ်ကြောင်း အကြားကား တလက်မခန့်ရှိ၏။ မျက်နှာ {၂} ခုလုံးမှာပင် စာလုံးရိုးရိုး၏ အမြင့်သည် ၃/၁၆ လက်မရှိ၏။

{ခ} မျက်နှာသည် ပျက်စီးကျိုးပဲ့၏။ {က} မျက်နှာမှာကား စာကြောင်း ၂၆– ၃၀ အဆုံးစွန်များမှ ပွန်ကျသောအလွှာမှအပ၊ ပျက်စီးကျိုးပဲ့ခြင်းမရှိချေ။ ယင်းသို့ အလွှာကွာ၍ မကျမီက၊ ဓါတ်ပုံ ကူးယူထားသဖြင့်၊ မူလ စာလုံး များကို ယခု ဖတ်ရှုရပေသည်။{အက်ပီဂရဖီယာ–ဗါမင်နိကာအတွဲ ၁၊ဓါတ်ပုံ ၃။ မြန်မာတိုင်းရင်း ကျောက်စာများ၊ စာဘုတ်အုပ်၊ ဓါတ်ပုံ ၃၆၂က- ခ တို့ကိုရှု။} သို့ဖြစ်၍ ယခုပုံနှိပ်ရာ၌ {က} မျက်နှာကိုမူတည်၍ {ခ} မျက်နှာ၏ မူကွဲများကို အောက်ခြေမှတ်ချက်အဖြစ်ဖြင့်ပြလိုက်သည်။


ကျန်စစ်သားမင်း ကွယ်လွန်တော်မူပြီး နောက်တနှစ်ဖြစ်သော သက္ကရာဇ် ၄၇၅ ခုလောက်တွင် ဤကျောက်စာကို ရေးထိုးသည်ဟု ယူဆကြ၏။ ရေးထိုးသူသည် ကျန်စစ်သားမင်း၏သားတော် ရာဇကုမာရ်ဖြစ်သည်။ ကျန်စစ်သားသည်အနော်ရထာမင်း၏ အမျက်တော်ကြောင့် ကြောင်ဖြူအရပ်၌ ပုန်းရှောင်နေစဉ်၊ မထီးတူမ သမ္ဘူလနှင့်တွေ့၍ မယားအဖြစ် သိမ်းယူ လေ၏။ အနော်ရထာ မင်း ကွယ်လွန်၍ စောလူးမင်း နန်းတက်သောအခါ၊ ကျန်စစ်သားသည် ရာဇကုမာရ်ကိုပဋိသန္ဓေတည်နေသောသမ္ဘူလအား– သားယောကျ်ားမွေးသော်ပုဂံပြည်သို့လာခဲ့ဟုမှာ၍စောလူးမင်းထံ ခစားလေသည်။ စောလူးမင်း ကွယ်လွန်တော် မူသော အခါ သက္ကရာဇ် ၄၄၆ – ခုတွင် ကျန် စစ် သား သည် ဗြိတြိဘုဝနာဒိတျဓမ္မရာဇ်ဘွဲ့နှင့် နန်းတက်တော်မူသည်။ နှစ်နှစ်ကြာလတ်သော် သမ္ဘူလ သည် နန်းတော်သို့ ရာဇကုမာရ်နှင့်ရောက်လာ၏။ မင်းကြီးလည်း သမ္ဘူလအား ဦးဆောက်ပန်းဟူသော တြိလောကဝဋံသကာ ဒေဝီအမည်နှင့် မိဖုရား မြှောက် လေသည်။ မြေး

တော်အလောင်းစည်သူကို ဘိသိက်သွန်းပြီး ဖြစ်သဖြင့် ရာဇကုမာရ်အား ဇေယျခေတ္တရာ ဘွဲ့နှင်း၍ ဥဿဝတီနှင့် တောင်စဉ်ခုနခရိုင်ကို စားစေ၏။

ရာဇကုမာရ်သည် အမိအဖ၏ ဂုဏ်ကျေးဇူးကို ညှော်မျှသိတတ်သော သားကောင်း ရတနာ ဖြစ်ကြောင်းကို ဤကျောက်စာတွင် အောက်ပါအတိုင်း ဖတ်ရှုနိုင်ပေသည်။ ။

(မှ) ဦးဖေမောင်တင်။

မြစေတီမှန်ကျောက်စာ (က) ကျောက်တိုင်။



# မြစေတီ မွန်ကျောက်စာ (က) ကျောက်တိုင်။

{၁} ။ဿြီ။ နမောဗုဒ္ဓါယ ။ဿြီ။ သာသိကျောက်ဗုဒ္ဓတိလေဲယ်

{၂} ကုလိအာရ်မောယ်သ္ဍိမ်တုဒရောဝ်ဍဴ္ဂခါရ်ဗ္စသ်ဒိည္ဍာမ်စ္ဒာမ်

{၃} တုယ်။ ဒွေယ် ဍုင်အရိမဒ္ဒနပုရ်ဝေါအ်သ္ဍိုင်ဿြိတြိဘုဝနာဒိ

{၄} တျမ္မရာဇ်ဒသ်။ ဍွကျောက်သ္ဍိုင် ဝေါးဟ် မောယ်တြိ ဧ

{၅} လောကဝဍ္ဍံသကာဒေဝိ[1]ဍာမောအ်။ကောန်ဍွကျောက်ဝေါ(း)

{၆} ဟ်[2]ရာဇကုမာရ်ဍာမောအ်။သ္ဍိုင်ဝေါးဟ်ကိလ်ဒိုက်ပိ{တ္ဂာ}

{၇} ညိကုဍွကျောက်ဝေါးဟ်။ကာလ်ဍွကျောက်ဝေါးဟ်စုတိ

{၈} အာရ် ။ အ္ဒက်ကိယ်ာဍွကျောက်ဝေါးကုဒိုက်ပိတ္ဂာညိဝေါး[3]

{၉} သ္ဍိုင်တုန်ကိလ်[4]ကုကောန်ဍွကျောက်မဍာမောအ်ရာဇကု

{၁၀} မာရ်ဝေါး[5]။သ္ဍိုင်ဝေါးဟ်ကို္ဍန်ဒရ်စ္ဒသ်ဒိည္ဍာမ်စ္ဒာမ်တုယ်

{၁၁} ကာလိသ္ဍိုင်ဝေါးအ္ဒွယ်ညန်သ္ဍုတိ။ကောန်ဍွကျောက်မဍာ

{၁၂} မောအ်ရာဇကုမာရ်ဝေါး[6]မိရ်နသ်ဂုဏ်မသ္ဍိုင်ဍာည္ဍိမ်

{၁၃} ဇကုံဘိန္ဍုကျောက်ထရ်မောယ်အာရ်တုဒေါက်သ္ဍိုင်မု

{၁၄} နသ်ရောဝ်ဝေါအ်။ ဒကျောက်ထရ်ဝေါအ်ယေဲဒိုက်ပရံ{ဧ}

{၁၅} ပါအ် [7]တိလ်ဒိုက်ပိတ္ဂာညိမတိလ်ကိလ် [8]ကုယေဲဝေါးဟ်

{၁၆} ယေဲဒိုက်ကိလ်ဘုကျောက်ဝေါအ်တိလ်အနုမောဒနာဒအ်[9]

{၁၇} ။ကာလ်ဝေါး သ္ဍိုင်သိုက်ဂပ္ပုံမသ်ထိစ်အာထိစ်အာသ္ဍိုင်ပ

{၁၈} သာမုကာရ်။ ကာလ်ဒဝေါးဟ်[10]တိလ်ပေါယ်မှာထေရ်။ တိစာ

{၁၉} ရ်မုဒ္ဒလိပုတ္တ တိဃဍ္ဍောရ်။ တိစာရ်သုမေဓပဏ္ဍိတ်။ တိ

{၂၀} စာရ်မြဲ့ဟ္ဍပါလ်[11]။တိစာရ်ဗြဟ္ဍဒိဝ်။ တိစာရ်သောန်

{၂၁} ။ဘိစာရ်သသ်သေနဝရပဏ္ဍိတ်[12]။ကိန္ဍတိလ်

---

[1] ဒေဝိ{ခ} [2] ဝေါးဟ် {ခ} [3] ဝေါးဟ်{ခ} [4] ကိလ်{ခ} [5] ဝေါးဟ်{ခ} [6] ဝေါးဟ် – ဟူ၍{ခ}၌ ရေးခဲ့ရာ၌ [7] ပေါအ်{ခ} [8] ကိလ် {ခ}

[9] ဒ{ခ} [10] ဝေါး{ခ} [11] တိစာဗြ[?]ဟ္ဍပါလ်{ခ} [12] သသ်သေနဝ[?]ပဏ္ဍိတ်{ခ}

(၂)

## မြစေတီမွန်ကျောက်စာ

{၂၂} တဇေဂါးသ္ဍိုင်စုတ်ဍေက်ဟန်တိ။ ပ္လးဂေါးကေါန်ဍုကျေ

{၂၃} က်မဇ္ဈမောအ်ရာဇကုမာရ်ဂေါး[၁၃]ကေတ်ကျေက်ထရ်ဂေါး[၁၄]

{၂၄} ထာပနာကန္ဓဲဂုဂါဟ်ဇ္ဈောင်ထရ်ဝေါအ်။ကာလ်ဗုဒ္ဓသၞကျေ

{၂၅} က်ဂုဂါဟ်[၁၅]ဝေါအ်ကောန်ဍုကျောက်ဂေါးကေတ်သာ်မုနဇ

{၂၆} သောရ်[၁၆]မောယ်ဘွာည်။[၁၇]ရပါယ်မောယ်တွာည်။[၁၇]ညးဟ်ဂိရ်ဥ

{၂၇} ယ်[၁၈]မောယ်တွာည်။ အုတ်[၁၉]ဥက်ဒိတွာည်ဂေါးစုတ်ဍေက်ကု

{၂၈} ကျောက်ထရ်မထာပနာ[၂၀]ဟိန်ဂေါး[၂၁]ဝေါအ်ရာမနောရောဝ်ဝေါအ်

{၂၉} ။သိဒ္ဓြိင်ဇအော်[၂၂]ဝေါအ်ဩရ်ဒသ်ဟေတ်ကုဗွေါအ် သဝ္ဗညုတ

{၃၀} ညာဏ်။ကောန်ဇယေ်သး။ စောဝ်ဇယေ်[၂၃]လး။ကုလော

{၃၁} ဇယေ်သး။ ညး ဇ္ဍောင်လး။ ယလိ ပဥပဒြေဝ်ကုဒိ

{၃၂} က်မဇယေ်အိလ်ဘုကျောက်ဝေါအ်ယင်ညိရ်ညာဝ်ကျေ

{၃၃} က်တြေယ်မဇ္ဈောသ်လးဩရ်ဍေဟ်ဂေါအ် ။ ဝ ။

---

[၁၃]ဂေါးဟ်-ဟူ၍{ခ}၌ရေးခဲ့ရာ၏။[၁၄]ဂေါးဟ်{ခ}[၁၅]ဂေါဟ်{ခ}[၁၆]သာ်မုနလောန်-ဟု{ခ} မှာကဲ့သို့ဖြစ်ရာ၏။ [၁၇]ပုဒ်မ{ခ}၌မရှိ[၁၈]တွာညဟော်ငံရ်ဥယ်-ဟု{ခ} ၌ရှိရာ-တွာည်ဟောဂိရ်ဥယ်-ဟု ဖတ်သင့်၏။ မြန်မာကျောက်စာ၌-ဟောဒိုဝ်-ကိုယောက်၍ ဤနေရာ၌- ဟောန်ဗိုယ်– ဟုဆို လိုသည်ဟုယူဆအပ်၏ [၁၉]အုတ်{ခ}[၂၀]{က}-၌ 'ယာ'သည်'မာ'နှင့်တူ၏ [၂၁]ဂုဂါဟ်{ခ}သည် 'ဂေါး' ထက်ကောင်း၏ [၂၂]ယေ်-ဖြစ်သင့်သည့်အတိုင်း{ခ}၌တွေ့ရ၏။[၂၃]အော်{ခ} ။

# မြန်မာဘာသာပြန်။

သီရိ-ဘုရားအား ရှိခိုးခြင်း-သီရိ။ ။ဘုရားသခင် သာသနာ အနှစ် တထောင် ခြောက်ရာနှစ်ဆယ်ရှစ်နှစ်လွန်လေပြီးသောအခါ၊ {၃} [၁] ဤအရိမဒ္ဒနပုရ်မည်သောပြည်၌ ဗြီတြိဘုဝနာဒိတျဓမ္မရာဇ်သည်မင်းဖြစ်၏။ ထိုမင်း၏ မိဖုရား တယောက်ကား ကြီလော ကဝဋံသကာဒေဝီမည်၏။ ထိုမိဖုရား၏သားကား {၆} ရာဇကုမာရ်မည်၏။ ထိုမင်းသည် ကျွန်သုံးရွာကို ထိုမိဖုရားအားပေး၏။ ထိုမိဖုရား ကွယ်လွန်သော အခါ၊ ထိုမိဖုရား တန်ဆာအလုံးနှင့် ထိုကျွန်သုံးရွာတို့ကို ထိုရာဇကုမာရ်မည်သော မိဖုရာ့သားအား မင်း ပေးတုံ၏။

{၁၀} ထိုမင်း နှစ်ဆယ်ရှစ်နှစ်မင်းမှုပြီး၍ ထိုမင်းသေလုနီးပါးနာသောအခါ၊ ထို ရာဇကုမာရ်မည်သောမိဖုရာ့သားသည် မိမိကိုမွေးသော မင်းကြီး၏ ဂုဏ် ကျေး ဇူးများကို အောက်မေ့လျက်၊ ရွှေဘုရားတဆူ ပြုပြီးလျှင် သွား၍ မင်းကြီးအား ဆက်[၂]ကာ ဤသို့ လျှောက်၏။

{၁၄} 'ဤရွှေဘုရားကို သခင်အနို့[၃] အကျွန်ုပ်ပြု၏ အကျွန်ုပ်အား သခင်ပေးသော ကျွန်သုံးရွာကို ဤဘုရားအား အကျွန်ုပ်ပေး၏။ သခင်-အနုမောဒနာပြုပါလော့'။

{၁၇} ထိုအခါ မင်းကြီးသည် နှစ်ခြိုက်ဝမ်းမြောက်လျက်-ကောင်းစွ၊ ကောင်း စွ-ဟူ၍မင်းကြီး သာဓုခေါ်၏။ ထိုအခါ ငါတို့သခင်မဟာထေရ်၊ ဆရာသခင် [၄]မုဂ္ဂလိ ပုတ္တတိဿထွေရ်၊ ဆရာသခင်သုမေဓပဏ္ဍိတ်၊ ဆရာသခင်မြဟ္မပါလ်၊ ဆရာသခင်မြဟ္မ ဒိဝ်၊ ဆရာသခင်သောန်၊ ဆရာသခင်သင်္ဃသေနဝရ ပဏ္ဍိတ်- ထိုသခင်တို့ မျက်မှောက်၌ မင်းကြီးသည် မြေကြီးပေါ်သို့ ရေသွန်း၏။

ထိုနောက်၊ ထိုရာဇကုမာရ်မည်သော မိဖုရာ့သားသည် ထိုရွှေဘုရားကို ယူပြီး {၂၄} ထာပနာ၍ ဤရွှေအဆွတ်မှသော ဂူကိုပြု၏။ ဤဂူဘုရားကို လှူသော အခါ၊ ထိုမိဖုရာ့သားသည် သက်မုနလောန်တရွာ၊ ရပါယ်တရွာ၊ ဟေန်ဒိုယ်တရွာ၊ ထိုကျွန် သုံးရွာ(သား)အလုံးကိုယူ၍ ဤဂူ၌ထာပနာသော ရွှေဘုရားအား ရေသွန်းကာ ဤသို့ ဆုတောင်း၏။

{၂၉} 'ဤငါ့အမှုသည် သဗ္ဗညုတဉာဏ် ရအံ့သောအကြောင်း ဖြစ်စေသတည်း။ ငါ့သားသည်းကောင်း၊ ငါ့မြေးသည်းကောင်း၊ ငါ့အဆွေလည်းကောင်း၊ သူတထူးလည်း ကောင်း၊ ဤဘုရားအား ငါပေးသော ကျွန်ကိုအနှိပ်အစက်ပြုမှုကား၊ မေတ္တေယ်မြတ်စွာ ဘုရားကို မဖူးရစေသတည်း။'

[၁] ဤ ကဲ့ သို့ သော ကွင်းသည် ကျောက်တိုင်၏ စာကြောင်း ဂဏန်းကို ပြသည်။

[၂] တုဓောက်။ မြန်မာကျောက်စာ၌ {နှိပ်} ဟုဆို၏။

[၃] ရံ ပါအ် {ပေါအ်} 'ကူညီရန်' ဟု ဆို ဟန် တူ ၏။ မြန်မာ ကျောက်စာ၌ 'ငသွင် အဖေ်အ်{ဖို့}'ဟုလာ၏။

[၄] တိလိအာစာရ်–ကိုချုံ့၍- တိစာရ်– ဟု ရေး၏။ သခင်ဆရာဟူ၏။ မြန်မာ ကျောက်စာ၌–သင်္ဃြီ-{သင်္ကြီ}-ဟုလာ၏။

# မွန် အဘိဓါန်။

မြစေဘီကျောက်စာသည် 'အက်ပီဂရဖီယာ-ဗာမင်နိကာ' တွင်ရေးဦးစွာ အင်္ဂလိပ် **ဘာသာ**ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သော၊ မွန်ကျောက်စာဖြစ်၍ မွန်အဘိဓါန်ကို အပြည့်အစုံပြလိုက်သည်၊ စာလုံးပေါင်းမတူသော ယခုခေတ် မွန်ကို ကွင်း ဝိုင်း၍ ပြသည်။

အ္ဂတ်{အိုတ်} - အာလုံး ၊ အသုံး။

အ္ဂွယ် {ယဲ}– နာဖျား မကျန်း။

အနုမောဒနာ {ပါဠိ}– အနုမောဒနာ။

အာ- အဓိပ္ပါယ်လေးနက်စေသောစကားလုံး ။ ထိစ်အာ - ၄။

အာရ်{ အာ }သွားသည်။ ကုလိအာရ်၊ စုတိအာရ် - ဟူ၍၊ 'အာရ်' ကို ကြိယာထောက်အဖြစ် သုံးနိုင်သည်။

ဣညွှိမ် { ချိ ၊ ဖျိ }- မွေးကျွေးသည်၊ မွေးသည်။

ဣမောအ် { ယှ ၊ ယှ }-အမည်ရှိသော၊ဟူသော။

အုတ် = အ္ဂတ် { အိုတ် } – အားလုံး ၊ အလုံး။

ဥပဒြေါဝ် { ဥပဒြ် = ပါဠိ } – ဘေးဥပါဒ်။

ယေ်{အဲ } – ငါ၊ ငါ့။

ယေ်ဒိုက်{ အဲဒိုက်} – အကျွန်ုပ် ၊ ကျွန်တော် ၊ အတို့ကျွန်။

အေ် { အဲ } = ယေ် – ငါ ၊ ငါ့။

ဩဲရ် { ဩဲ } - စေ ။ ဩဲရ်ဒဿ် - ဖြစ်စေသဘည်း။

ကန္ဒ် {ကန္ဒ } - ပြုသည် ၊ လုပ်သည်။

ဣွံ - တရာ။

ကာလ် { ပါဠိ } – သောအခါ။

ကိန္တ { ဂတ } – မျက်မှောက်၌။

ကိန္ဒ် { ကန္ဒ } = ကန္ဒ – ပြုသည် ၊ လုပ်သည်။

ကိယာ { ကြိယျာ } – တန်ဆာ။

ကွိန် – မင်းပြုသည် ။

ကျောက် { ကျာ် } – ဘုရား ၊ ဆင်းတု ။

ကိလ် { ကို ၊ ကိုဝ် } – ပေးသည်။

## မွန် အဘိ ဓါန်

ကု { ကို } – အား ၊ နှင့် ။

ကုလိ { ကလိ } – လွှန်သည်။ ကုလိအာ်ရ် – လွှန်သွားသည်။

ကုလော { ကလော } – အဆွေ ၊ ဆွေမျိုး ။

ကောတ် – ယူသည် ။

ကောိလ် { ကို } = ကိလ် – ပေးသည်။

ကောန် – သား။

ဥကျောက် { ဥကျဉ် }–မိဖုရား။

ဂပ္ပါမသ် { ပူမ် } – ဝမ်းမြောက်သည်၊ ရွှင်လန်းသည်။

ဂွေါအ် { ဂွံ } – ရခြင်း ။

ဂေုါဟ် { ဂိုဟ် ၊ ဂေါဟ် } – ဂူ။

ဂုဏ် { ပါဠိ }–ဂုဏ်ကျေးဇူး ။

ဂေါအ် {ဂွံ } – ရသည်။

ဂေါး {ဂိုဟ် ၊ ဂေါဟ် } = ဂေုါဟ် = ဂူ ။

ဂေါး { ဂှ် } = ဂေါးဟ် – ထို။

ဂေါးဟ် { ဂှ် } – ထို ။

စွာမ် { စွံ ၊ သွံ } – နှစ် { ကာလ}။

စ္လောင် { စလုံင် } – အထွတ် ။

စွသ် { စဟ် ၊ စ့် } – ဆယ်ခု ၊ တဆယ် ။

စုတ် { စရိုဟ် စုတ် } – သွန်းသည် ၊ သွန်သည် ၊ လောင်းသည် ၊ သွန်း လောင်းသည် ။

စုတိ { ပါဠိ }– ကွယ်လွန်သည် ။

စ္ဍောင် { သ္ဍာင် } – သူတပါး ၊ အခြားလူ ။

စောဝ် { စ´ } – မြေး ။

ဇိကဲ့ { ဇကု } – မိမိ ၊ ကိုယ် ။

ညန် – လုနီးပါ ၊ အနီး ။

ညိရ် ညာစ် { ညာတ် } – ဖူးမြင်ခြင်း ။ အဖူး ။ ညာစ် – မြင်သည် – မှဖြစ်

**မွန်အဘိဓာန်**

သော ကြိယာနမ်။
ဒိုက် – ကျွန်။ ယေဒိုက် – အကျွန်ုပ်၊ ကျွန်တော်၊ အတို့ကျွန်။
ဍုင် – မြို့၊ ပြည်။
ဍေက် – ရေ။
ဍေယ် { ဍဲ } – ၌။
ဍေဟ် { ဍေံ } – သူ။
တ { တံ } – နမ်အများပြ စကားလုံး။
တြေယ် { တြဲ } – မြတ်စွာ။
တ္ွာည် { က္ွာန် } – ရွာ။
တိ – မြေကြီး။
တိစာရ် – ဆရာသခင်။ တိလိအာစရ် – ကို ချုံ့ခြင်းဖြစ်သည်။
တိလိ { တလ၊ တီလ } – သခင်။
တလေယ် – သခင်။ တိလိယေ – ငါ့သခင် – ကိုချုံ့ဟန်တူ၏။
တုန် – တုံ – အနက်ရသောကြိယာထောက်။
တုယ် { တဲ့ } – ၍၊ ပြီးလျှင်။
တုရောဝ် { တရ် } – ခြောက်ခု။
တုဓေါက် { ထွ } – ဆက်သည်၊ ပူဇော်သည်၊ ' နှပ် ' သည်။
ထရ် { ထဝ် } – ရွှေ၊ ရွှေဖြင့်ပြီးသော။
ထာ္ပနာ { ထာပဏာ } – ထာပနာ။
ထိမ်{ ထေက်၊ ထိုက် } – ကောင်း၏။ ထိမ်အာ – ကောင်းစွ။
ဒ–လေးနက်စေသော စကားလုံး။
ဒသ် { ဒဟ်၊ ဌ } – ဖြစ်သည်၊ ရှိသည်။
ဒအ် = ဒ– လေးနက်စေသော စကားလုံး။
ဒိဍ္ဍာမ် { ဒစာံ }–ရှစ်ခု။
ပ– ပြုသည်၊ လုပ်သည်။
ပါအ် – အဖို့။
ပိ – သုံးခု။
ပုမသ် { ပူမ့် } – ဝမ်းမြောက်သည်၊ ရွှင်လန်းသည်။

## မွန်အဘိဓါန်

ပေါ်ယ် { ပို } – ငါတို့။
ပေါ်အ် – အဖွဲ့။
ဥူးဂေါး – ထိုနောက်။
ဗုသစ် { ပူဇ´ = ဗ္ဗ´ } – လှူသည်၊ ပူဇော်သည်။
မ– – နာမ်ကိုညွှန်သောစကားလုံး၊ သော။
မ ဍု မောအ် { မဟိမု ၊ မွှးယှု } – မည်သော။
မှာထေရ် = မဟာထေရ် { ပါဠိ }
မိရ်နသ် { ဗ္ဗုဟ် ၊ မ္ဗုဟ် } – အောက်မေ့သည်။
မုန သ်{ ဗ္ဗုဟ် ၊ မ္ဗုဟ် } –လျှောက်သည် ။ မိန့်သည် {အောက်မေ့စေသည်}
မောယ် { မွဲ } –တစ်ခု ၊ တစ်ယောက်။
ယင် – အချိုးစကားလုံး။
ယလ် { ယဝ် } – လျှင်၊ မူကား။
ရံ { ရှိ } – ကူညီသည် ၊ ထောက်ပံ့သည်။
ရာဓနာ { ပါဠိ} – ဆုတောင်းသည်။
ရောဝ် { ရ် } – ကဲ့သို့။ ရောဝ် ဝေါအ် { ရဝွံ } – ဤကဲ့သို့။
လှိုမ် – တထောင်။
လး–မ . . ရ ။ ၂ – ခါထပ်လျှင်‘လည်းကောင်း – လည်းကောင်း’ အနက်ရသည်။
ဝေါအ် { ဝွံ } – ဤ ။
သွုတိ = စုတိ – ကို မွန်ကြီယာရှေ့ဆက်‘သ’နှင့်သုံးထားသည်။
သ္ဒိုက် { သ္ဒိုက် } – နှစ်ခြိုက်သည်။
ဿိုင် – မင်း ၊ မင်းကြီး။
သဗ္ဗညုတဉာဏ် {သ ဗ္ဗ ၎ } – သဗ္ဗညုတဉာဏ်။
သာရကာရ် {ပါဠိ } – သာရခေါ်သည်။
သာသ် { ပါဠိ} – သာသနာ။
သိန္ဒြင် { သရင် } – အမှု။
ဟန် { ဟိုန် } – သို့ ။
ဟိန် { ဟိုန် } = ဟန်– ဌ ၊ သို့။
ဟောတ် { ဟိုတ် } – အကြောင်း။
ဓာရ် { ဓါ }– နှစ်ခု။

ပါမောက္ခ ဦးဓမ္မမောင်တင်
ပြန်ဆို တည်း ဖြတ် သူ။